# ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး
# ဒူးပလာယာခရိုင်

ထုတ်ပြန်ကြေငြာချက် ၂/၂၀၂၁

နေ့စွဲ–၃/၄/၂၀၂၁

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးသည် စစ်ကောင်စီအာဏာသိမ်းမှုကို လက်မခံဘဲ နည်းလမ်းအမျိုးမျိုးဖြင့် ဆန့်ကျင်သည့်လုပ်ရှားမှုများ အရှိန်အဟုန်မြင့်လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။ ပြည်သူလူထုတစ်ရပ်လုံး၏စစ်ကောင်စီဆန့်ကျင်မှုနည်းလမ်းများအနက် **CDM(Civil Disobedience Movement)** လုပ်ရှားမှုနည်းလမ်းသည်လည်းအပါအဝင်ဖြစ်သည်။ ထိုသို့ ပြည်သူလူထု၏ **CDM** လုပ်ရှားမှုကို စစ်ကောင်စီအဖွဲ့နှင့် လူပုဂ္ဂိုလ်အချို့သည် **CDM** လုပ်ရှားမှုရပ်တန့်အောင် နည်းလမ်းအမျိုးမျိုးဖြင့် ဖိအားပေးနှောက်ယှက်မှုများရှိသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင်အနေဖြင့် မိမိတို့ခရိုင်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးအား အောက်ပါအတိုင်းအသိပေးအပ်ပါသည်။

(၁) ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးသည် ပြည်သူလူထုနှင့်တစ်သားတည်း ရပ်တည်ချက်ရှိသည် နှင့်အညီ မိမိတို့ဒူးပလာယာခရိုင်အတွင်း **CDM** လုပ်ရှားမှုကို အနှောက်အယှက်ပြုသည့် မည်သည့်လူပုဂ္ဂိုလ်မဆို ထိရောက်စွာ အရေးယူသွားမည်။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် တောင်းဆိုဆန္ဒဖော်ထုတ်နေကြသော တိုင်းရင်းသားပြည်သူလူထုများနှင့် **CDM** လှုပ်ရှားမှုတွင်ပါဝင်သော ပြည်သူ့ဝန်ထမ်းများ၏ အခက်အခဲနှင့် လိုအပ်ချက်များတို့ကို မိမိတို့တတ်နိုင်သည့်ဘက်မှ အစွမ်းကုန်ကူညီဆောင်ရွက်ပြီးအကာအကွယ်ပေးသွားမည်ဖြစ်ပါသည်။

( [signature] 3.4.2021 )

စောလစွတန်
အတွင်းရေးမှူး
ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး
ဒူးပလာယာခရိုင်